ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၅/၂၀၁၀)

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင် ပါရှိသည့် -

(က) "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ" ဆိုသည့် စကားရပ်အစား "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်"၊

(ခ) "ကြည်းတပ်" ဆိုသည်မှာ စကားရပ်အစား "တပ်မတော် (ကြည်း)"၊

(ဂ) "ရေတပ်" ဆိုသည့်စကားရပ်အစား "တပ်မတော်(ရေ)"၊

(ဃ) "လေတပ်" ဆိုသည့်စကားရပ်အစား "တပ်မတော်လေ"၊

(င) "သင်္ဘော"ဆိုသည့်စကားရပ်အစား "ရေယာဉ်"၊

(စ) "မိန်းမ" ဆိုသည့်စကားရပ်အစား "အမျိုးသမီး"၊

ဆိုသည့် စကားရပ်တို့ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင် ပါရှိသော "တပ်မကြီး" ဆိုသည့်စကားရပ်တွင် "တပ်မကြီး/တိုင်းစစ်ဌာနချုပ်"၊ "တပ်မဟာ" ဆိုသည့်စကားရပ်တွင် "တပ်မဟာ/စစ်ဗျူဟာအဖွဲ့ (အခြေချ)" ဆိုသည့် စကားရပ်တို့ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင်ပါရှိသော "တပ်မ"ဆိုသည့် စကားရပ်နောက်တွင် "ဒေသကွပ်ကဲမှုစစ်ဌာနချုပ်" ဆိုသည့် စကားရပ်အား ဖြည့်စွက်ရမည်။

၅။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ် (ဃ)နှင့် ပုဒ်မ ၄ ပုဒ်မခွဲ (၂) တို့တွင်ပါရှိသော "စေခိုင်းခြင်းခံရသူများ" ဆိုသည့်စကားရပ်ကို "တာဝန်ပေးခြင်းခံရသူများ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ဘ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဘ) "ဌာနမှူး" ဆိုသည်မှာ စစ်ဘက်အယူခံဌာန၏ ဌာနမှူးကိုဆိုသည်။

၇။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ(၁)၌ပါရှိသော "ပြည်ထောင်စုအစိုးရလက်အောက်ရှိ" ဆိုသည့် စကားရပ်နှင့် "ပါလီမန်ကဖြစ်စေ၊ ပြည်နယ်ကောင်စီတစ်ခုခုကဖြစ်စေ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဌ၏ အမိန့်အာဏာအရဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားသော" ဆိုသည့် စကားရပ်များကို "တပ်မတော်၏ကွပ်ကဲမှုအောက်ရှိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၃)၌ပါရှိသော "ပြဋ္ဌာန်းထားသော အခြားဥပဒေတစ်ရပ်ရပ်" ဆိုသည့် စကားရပ်ကို "ထုတ်ပြန်ထားသောအမိန့်နှင့်ညွှန်ကြားချက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပဒ်မ ၃ ပုဒ်မခွဲ (ဗ)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၉၊ ပုဒ်မ ၁၀၄ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၁၁၅ ၏ ဒုတိယစာပိုဒ်၊ ပုဒ်မ ၁၃၀၊ ပုဒ်မ ၂၃၀၊ ပုဒ်မ ၂၃၃ နှင့် ပုဒ်မ ၂၃၅ တို့ကို ပယ်ဖျက်ရမည်။

၉။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ (၅)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၅)။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သက်ဆိုင်ရာအာဏာပိုင်က ပုဒ်မခွဲ (၂)အရ တိုင်ကြားချက်အပေါ် ချမှတ်သော ဆုံးဖြတ်ချက်တစ်ခုခုကို ပြင်ဆင်

နိုင်သည်။ သို့ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယင်းသို့ပြင်ဆင်ခြင်းမပြုလျှင် သက်ဆိုင်ရာ အာဏာပိုင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။"

၁၀။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၃၅ တွင် -

(က) ပုဒ်မခွဲ (စ)၌ပါရှိသော "တပ်၊ နေရာ" ဆိုသည့် စကားရပ်၏နောက်တွင် "လေယာဉ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊

(ခ) ပုဒ်မခွဲ(ဇ)၌ ပါရှိသော "လေကြောင်းအချက်ပြ" ဆိုသည့် စကားရပ်၏နောက်တွင် "သို့တည်းမဟုတ် ရေကြောင်းအချက်ပြ" ဆိုသည့်စကားရပ်ကိုလည်းကောင်း အသီးသီးဖြည့်စွက်ရမည်။

၁၁။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၄၈ ၏နောက်တွင် ပုဒ်မ ၄၈-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၈-က။ ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် -

(က) မိမိအား စောင့်ထိန်းရန် လွှဲအပ်ထားသော သို့မဟုတ် မိမိက စောင့်ထိန်းရန် သို့မဟုတ် စောင့်ကြပ်ရန် တာဝန်ရှိသော ပြစ်ဒဏ်ကျအကျဉ်းသား သို့မဟုတ် ဥပဒေအရ ချုပ်နှောင်ထားသော အချုပ်သားကို အခြားသူတစ်ဦးဦးနှင့် လူစားထိုးလဲလှယ်လျှင်

သို့မဟုတ်

(ခ) ယင်းသို့ လူစားထိုးလဲလှယ်ခြင်းကို ခွင့်ပြုလျှင် သို့မဟုတ် လက်သင့်ခံလျှင်

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ တစ်ဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။"

၁၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၅၁ ၏နောက်တွင် ပုဒ်မ ၅၁-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၁-က။ ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် -

(က) လက်နက်၊ ခဲယမ်းမီးကျောက်များကို ခိုးယူခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သယ်ယူပို့ဆောင်ခြင်း၊ လဲလှယ်ခြင်း၊ ဥပဒေအရ လက်ခံပိုင်ခွင့်မရှိသူကို ပေးအပ်ခြင်း သို့တည်းမဟုတ်

(ခ) နိုင်ငံတော်အား နစ်နာဆုံးရှုံးစေရန် ကြံရွယ်ချက်ဖြင့် နိုင်ငံတော်၏ လက်နက်ခဲယမ်း မီးကျောက်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း သို့တည်းမဟုတ်

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)တို့ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်စေရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့တည်းမဟုတ် အားပေးကူညီခြင်းပြုလျှင်

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။"

၁၃။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၆၁ ၏နောက်တွင် ပုဒ်မ ၆၁-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၆၁-က။ (က) အစိုးရပိုင်လေယာဉ်ကို အပိုင်စီးရန် ကြံရွယ်ချက်ဖြင့် ဤအက်ဥပဒေကို လိုက်နာရသူ တစ်ဦးဦးသည် လေယာဉ်မှူးအားခြိမ်းခြောက်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုခြင်းဖြင့် တစ်နေရာမှ တစ်နေရာသို့ မောင်းနှင်စေလျှင်သော်လည်းကောင်း၊ ဤအက်ဥပဒေကို လိုက်နာရသူ လေယာဉ်မှူးသည် တစ်နေရာမှ တစ်နေရာသို့ မောင်းနှင်လျှင်သော်လည်းကောင်း စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သော

အခါသေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။"

၁၄။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၆၄ ၏နောက်တွင် ပုဒ်မ ၆၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၆၄-က။ (က) အစိုးရပိုင်ရေယာဉ်အား အပိုင်စီးရန် ကြံရွယ်ချက်ဖြင့် ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးသည် ရေယာဉ်မှူး အား ခြိမ်းခြောက်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင် အထက်ပြုခြင်းဖြင့် တစ်နေရာမှ တစ်နေရာသို့ မောင်းနှင်စေ လျှင်သော်လည်းကောင်း၊ ဤအက်ဥပဒေကို လိုက်နာရသူ ရေယာဉ်မှူးသည် တစ်နေရာမှ တစ်နေရာသို့ မောင်းနှင်လျှင် သော်လည်းကောင်း စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သော အခါ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသော လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။"

၁၅။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၆၄ ပုဒ်ခွဲ (ဂ)တွင် ပါရှိသော "ကျွန်ကုန်ကူး ခြင်း" ဆိုသည့် စကားရပ်ကို "လူကုန်ကူးခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၆၆ ပုဒ်ခွဲ (ဃ)၌ ပါရှိသော "စစ်စခန်း" ဆိုသည့် စကားရပ်၏နောက်တွင် "လေယာဉ်"ဆိုသည် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၇။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၆၉ ၌ပါရှိသော "ပုဒ်မ ၃၂၊ ၃၃၊ ၃၆၊ ၃၇(၁)" ဆိုသည့် ပုဒ်မများနောက်တွင် "၅၁-က၊ ၆၁-က၊ ၆၄-က" ဆိုသည့် ပုဒ်မများကို ဖြည့်စွက်ရမည်။

၁၈။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင် -

(က) ပုဒ်မ ၈၂၊ ပုဒ်မ ၈၄၊ ပုဒ်မ ၈၆ နှင့် ပုဒ်မ ၈၇ တို့၌ ပါရှိသော "နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊

(ခ) ပုဒ်မ ၉၀ ပုဒ်မခွဲ (ခ)တွင်ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊

(ဂ) ပုဒ်မ ၁၁၁ ၌ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌကဖြစ်စေ" ဆိုသည့်စကားရပ်နှင့် "နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့တည်းမဟုတ်" ဆိုသည့် စကားရပ်တို့ကိုလည်းကောင်း၊

(ဃ) ပုဒ်မ ၁၄၆ ပုဒ်ခွဲ (၁)၌ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကဖြစ်စေ" ဆိုသည့်စကားရပ်နှင့် "နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ကိုယ်စားဖြစ်စေ" ဆိုသည့် စကားရပ်တို့ကိုလည်းကောင်း၊

(င) ပုဒ်မ ၁၆၈ ပုဒ်မခွဲ (၂)၌ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ်" ဆိုသည့်စကားရပ်ကို လည်းကောင်း၊

(စ) ပုဒ်မ ၁၆၉ ၌ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ သို့တည်းမဟုတ်" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊

(ဆ) ပုဒ်မ ၁၈၅ ပုဒ်မခွဲ (၁) ၌ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက၊ သို့တည်းမဟုတ်" ဆိုသည့်စကားရပ်ကိုလည်း ကောင်း အသီးသီးပယ်ဖျက်ရမည်။

၁၉။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၈၃ ပုဒ်ခွဲ (၄)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၄) အပြစ်ပေးခံရသော ပြစ်မှုကို ကျူးလွန်ချိန်တွင် အကြပ်အဆင့်ရှိသူ တစ်ဦးဦး အား အဆိုပါ ပုဒ်မ၏အပိုဒ် (က)၊ (ခ)၊ (ဂ) (၂) နှင့် (ဇ)တို့တွင် သီးခြား ဖော်ပြထားသော ပြစ်ဒဏ်များကို မချမှတ်ရ။"

၂၀။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၉၂ ပုဒ်မခွဲ (ဈ) တွင်ပါရှိသော "ပြည်ထောင်စုနိုင်ငံအစိုးရ" အစား "နိုင်ငံတော်" ဆိုသည့် စကားရပ်အား အစားထိုးရမည်။

၂၁။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၉၅ နှင့် ပုဒ်မ ၉၈တို့တွင်ပါရှိသော "သုံးပုံနှစ်ပုံထက် မပိုသောငွေ" ဆိုသည့်စကားရပ်ကို "တစ်ဝက်ထက်မပိုသောငွေ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၀၄ တွင် -

(က) ပုဒ်ခွဲ (၁)၊ ပုဒ်မခွဲ (၂) နှင့်ပုဒ်မခွဲ (၃)တို့၌ပါရှိသော "လေးဆယ့်ရှစ်နာရီ" ဆိုသည့်စကားရပ်ကို "နှစ်ဆယ့်လေးနာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ခ) ပုဒ်မခွဲ (၃)၌ပါရှိသော "တနင်္ဂနွေနေ့များနှင့် အစိုးရ၏အခြား ရုံးပိတ်ရက်များ" ဆိုသည့် စကားရပ်ကို "အစိုးရရုံးပိတ်ရက်များ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း

အသီးသီးအစားထိုးရမည်။

၂၃။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၀၉ တွင် -

(က) ဘေးခေါင်းစဉ်နှင့် ပုဒ်မခွဲ(၁)တို့၌ပါရှိသော "တပ်ထိန်းချုပ်များ" ဆိုသည့် စကားရပ်ကို "တပ်ထိန်းချုပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ခ) ပုဒ်မခွဲ (၂)နှင့် ပုဒ်မခွဲ(၃)တို့၌ပါရှိသော "တပ်ထိန်းချုပ်" ဆိုသည့် စကားရပ်များကို "တပ်ထိန်း"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း

အသီးသီးအစားထိုးရမည်။

၂၄။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၁၄ ပုဒ်မခွဲ (က)တွင်ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ" ဆိုသည့် စကားရပ်ကို "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၅။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၁၉ တွင် -

(က) ပုဒ်ခွဲ (ခ) ၌ပါရှိသော "ရေတပ်အတွက်ဖြစ်လျှင်" ဆိုသည့်စကားရပ်၏နောက်တွင် "ရေတပ်စခန်းဌာနချုပ်" ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်၊

(ခ) ပုဒ်မခွဲ (ဂ)၌ပါရှိသော "လေတပ်အတွက်ဖြစ်လျှင်" ဆိုသည့် စကားရပ်နောက်တွင် "လေတပ်စခန်းဌာနချုပ်"၊ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်၊

(ဂ) ပုဒ်မခွဲ(ဂ)၌ပါရှိသော "လေတပ်ရင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၆။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ(၂)၌ပါရှိသော "ပုဒ်မ ၃၂၊ ၃၃၊ ၃၆၊ ၆၄(၂)" ဆိုသည့် ပုဒ်မများနောက်တွင် "၃၇(၁)တန်းပြည့် စစ်မှုထမ်းချိန်တွင် စစ်ပြေးမှု၊ ၅၁-က၊ ၆၁-က၊ ၆၄-က" ဆိုသည့် ပုဒ်မများကို ဖြည့်စွက်ရမည်။

၂၇။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၃၂ တွင်ပါရှိသော "စစ်ဥပဒေချုပ်ဌာန" ဆိုသည့် စကားရပ်ကို "စစ်ဥပဒေချုပ်ရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၅၀ တွင် ပါရှိသော "စစ်ဆေးစီရင်ရန်၊ သို့တည်းမဟုတ် ပြစ်မှုသည် နယ်ဘက်ပြစ်မှုဖြစ်လျှင်၊ ရာဇဝတ်တရားရုံးဖြင့်ဖြစ်စေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၉။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၅၈ ၌ပါရှိသော "နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သို့တည်းမဟုတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သို့တည်းမဟုတ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ ဤကိစ္စ အလို့ငှာအမိန့်စာဖြင့် အာဏာအပ်နှင်းထားသည့် အရာရှိတစ်ဦးဦးက" ဆိုသည့် စကားရပ်ကို "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ အမိန့်စာဖြင့် အာဏာ အပ်နှင်းထားသည့် အရာရှိတစ်ဦးဦးကဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၈၂ တွင် -

(က) စာကိုယ်အပိုဒ်ကို -

"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြစ်မှုတစ်ခုခုအတွက် စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် သို့တည်းမဟုတ် စစ်ဘက်အယူခံတရားရုံးက အယူခံပယ်ခြင်းခံရသည့် ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား" ဆိုသည့် စကားဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ (ဂ)၌ပါရှိသော "သို့ရာတွင် စစ်တရားရုံးက ချမှတ်သည့် တစ်ကျွန်းပို့ဒဏ်ကို ၎င်း၏ကာလထက်ပိုသည့် ကာလအတွက် ထောင်ဒဏ်နှင့်လျှော့ပေါ့ပြောင်းလဲခြင်း မပြုလုပ်ရ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃၁။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၈၃ ပုဒ်မခွဲ (၁)၌ပါရှိသော "အာဏာပိုင်" ဆိုသည့် စကားရပ်နှင့် "ထိုအာဏာပိုင်" ဆိုသည့် စကားရပ်များကို "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်" ဆိုသည့် စကားရပ်အသီးသီးဖြင့် အသီးသီးအစားထိုးရမည်။

၃၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၈၃ ပုဒ်မခွဲ(၂)တွင်ပါရှိသော "ခွင့်ပြုရမည်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုနိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၈၄၊ ပုဒ်မ ၁၈၅၊ ပုဒ်မ ၁၈၆ နှင့် ပုဒ်မ ၁၈၇ တို့တွင်ပါရှိသော "ပြည်ထောင်စုနိုင်ငံ" ဆိုသည့် စကားရပ်များကို ပယ်ဖျက်ရမည်။

၃၃။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၈၆ ပုဒ်မခွဲ(င)၌ ပါရှိသော "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရေတပ်တိုင်းမှူးသည်" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာတိုင်းမှူးနှင့် ရေတပ်စခန်းဌာနချုပ်မှူးတို့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၄။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၁၁။ (၁) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော အရာရှိတစ်ဦးဦးကဖြစ်စေ စစ်ဘက်အယူခံတရားရုံးကို ဗိုလ်မှူးအဆင့်အောက် မနိမ့်သည့် အရာရှိကြီးသုံးဦးဖြင့် အခါအားလျော်စွာ ဖွဲ့စည်းရမည်။

(၂) စစ်ဘက်အယူခံတရားရုံး၏ ကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ အမိန့်စာဖြင့် အာဏာအပ်နှင်းထား

သော အရာရှိတစ်ဦးဦးကဖြစ်စေ စစ်ဘက်အယူခံဌာနကို ဖွဲ့စည်းပေးရမည်။"

၃၅။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၁၂။ (၁) စစ်ဘက်အယူခံ တရားရုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ညွှန်ကြားသည့်နေရာတွင် ရုံးထိုင်ရမည်။

(၂) စစ်ဘက်အယူခံတရားရုံးတွင် ပြဿနာတစ်ရပ်ရပ်ကို ဆုံးဖြတ်ရာတွင် အမှုကို ကြားနာစစ်ဆေးသည့် တရားသူကြီးများအနက် များရာတရားသူကြီးများ၏ ထင်မြင်ယူဆချက်အတိုင်း ဖြစ်စေရမည်။

(၃) စစ်ဘက်အယူခံတရားရုံးသည် စစ်ဘက်ဆိုင်ရာ အမြင့်ဆုံး တရားရုံးဖြစ်ပြီး ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်ရန် အခွင့်အာဏာရှိသည်။"

၃၆။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁၃။ (၁) စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် မိမိအား ပြစ်မှုထင်ရှားစီရင်ခြင်းကို စစ်ဘက်အယူခံတရားရုံးတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံနိုင်သည်။

(၂)(က) သေဒဏ်ချမှတ်ခြင်းခံရသော အမှုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူက အယူခံဝင်လိုလျှင် စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ချမှတ်ပြီးနောက် ရက်ပေါင်း ၆၀ အတွင်း စစ်ဘက်အယူခံတရားရုံးသို့ အယူခံလွှာတင်သွင်းရမည်။

(ခ) သေဒဏ်မှလွဲ၍ အခြားပြစ်ဒဏ်ချမှတ်ခြင်း ခံရသော အမှုများဖြစ်ပါက အယူခံလိုသူသည် အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ရမည် -

(၁) စစ်တရားရုံးဖြင့် စစ်ဆေးသောအမှုဖြစ်ပါက အတည်ပြု အာဏာပိုင်ထံသို့လည်းကောင်း၊ တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးသောအမှုဖြစ်ပါက ပြန်လည်သုံးသပ်ရေး အာဏာပိုင် ထံသို့လည်းကောင်း ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပေး ရန် ယင်းတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ၁၀ ရက် အတွင်းလျှောက်လွှာ တင်သွင်းရမည်။

(၂) ထိုသို့ တင်သွင်းသော လျှောက်လွှာနှင့်စပ်လျဉ်း၍ သက်ဆိုင် ရာ အာဏာပိုင်က မည်သို့အမိန့်ချမှတ်ကြောင်း အကြောင်းပြန် ကြားချက်ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း သို့မဟုတ် အကြောင်းပြန်ကြားချက်အရရှိပါက သက်ဆိုင်ရာ အာဏာပိုင်ထံသို့ လျှောက်လွှာတင်သွင်းခဲ့သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ ကုန်ဆုံးပြီး နောက်ထပ်ရက်ပေါင်း ၆၀ အတွင်း စစ်ဘက်အယူခံတရားရုံးသို့ အယူခံဝင်နိုင်သည်။"

၃၇။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၁၄ ကို အောက်ပါအတိုင်းအစားထိုး ရမည် -

"၂၁၄။ စစ်ဘက်အယူခံတရားရုံးသို့ တင်ရန် အယူခံလွှာကို ဌာနမှူးထံ သတ်မှတ်ထားသော ကာလအပိုင်းအခြားအတွင်းတင်သွင်းရမည်။"

၃၈။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၁၇ ကို အောက်ပါအတိုင်းအစားထိုး ရမည် -

"၂၁၇။ (၁) စစ်ဘက်အယူခံတရားရုံးသည် အပြီးသတ်အယူခံဝင်ရာ တရားရုံး ဖြစ်သည်။ ထို့ပြင် စစ်ဘက်အယူခံ တရားရုံး၏ဆုံးဖြတ်ချက်ကို အခြားမည်သည့်တရားရုံးတွင်မျှ အယူခံဝင်ခွင့်မရှိစေရ။

(၂) စစ်ဘက်အယူခံတရားရုံးသည် စစ်ဆေးစီရင်ခဲ့သော အယူခံမှုများ ကို ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ နေ့ရက်ပေါင်း ၃၀ အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တင်ပြရမည်။

(၃) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ဘက်အယူခံတရားရုံးက တင်ပြလာသော ဆုံးဖြတ်ချက်နှင့် အယူခံအမှုတွဲကို စိစစ်ပြီးနောက် စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း သို့မဟုတ် စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပြန်လည်အတည်ပြုကြောင်း သို့မဟုတ် စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကိုပယ်ဖျက်၍ အယူခံတရားလိုအား စွဲဆိုထားသောအမှုမှာ အပြီးအပြတ်လွတ်ကြောင်း အမိန့်ချမှတ်နိုင်သည်။ သို့မဟုတ် စစ်ဘက်အယူခံတရားရုံးက ချမှတ်ခဲ့သော ပြစ်ဒဏ်ကို ပယ်ဖျက်၍ ယင်းပြစ်ဒဏ်ထက်လျော့သော ပြစ်ဒဏ်ကျခံစေရန် အမိန့်ကို သို့မဟုတ် ဤဥပဒေက ခွင့်ပြုသည့် အခြားသင့်လျော်သည်ဟု ထင်မြင်သည့် အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ချမှတ်နိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။"

၃၉။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၂၂။ (၁) စစ်ဥပဒေချုပ်သည် စစ်ဘက်အယူခံတရားရုံးရှိ အယူခံအမှုများတွင် နိုင်ငံတော်အတွက် ကိုယ်တိုင်ဖြစ်စေ၊ ယင်းက စာဖြင့် တာဝန်ပေးအပ်သည့် လက်ထောက်စစ်ဥပဒေချုပ် ရာထူးအောက်နိမ့်သော အရာရှိတစ်ဦးဦးကိုဖြစ်စေ လိုက်ပါဆောင်ရွက်ခွင့်ပြုရမည်။

(၂) စစ်ဘက်အယူခံတရားရုံးရှိ မည်သည့် အယူခံမှုတွင်အဆို အယူခံတရားလို (မူလရုံးတရားခံ) သည် မိမိက ရွေးချယ်သဖြင့် ၄င်းအရာရှိမှလည်း ကျေနပ်လက်ခံသည့် ဒုတိယဗိုလ်မှူးကြီးအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦးဖြင့် ဆောင်ရွက်ခွင့်ရှိရမည်။"

၄၀။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၂၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၂၃။ (၁) စစ်တရားရုံးက ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်သောအခါ -

(က) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပေးရန် အတည်ပြုအာဏာပိုင်ထံသို့ လျှောက်လွှာတင်သွင်းခဲ့ပါက ထိုလျှောက်လွှာအပေါ် အမိန့်တစ်စုံ မချမှတ်မီဖြစ်စေ၊ ပြစ်မှု ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပေးရန် လျှောက်လွှာတင်သွင်း ခြင်းမပြုခဲ့ပါက ပုဒ်မ ၂၁၃ (၂)(က) အရ အယူခံဝင်ရန် သတ်မှတ်ထားသည့် ရက်ပေါင်း ၆၀ မပြည့်မီဖြစ်စေ ပြစ်ဒဏ် ချမှတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်း မပြုရ။

(ခ) စစ်ဘက်အယူခံတရားရုံးသို့ အယူခံလွှာတင်သွင်းထားပါက ယင်းအယူခံမှုကို ပလပ်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ဆုံးဖြတ် ခြင်းမပြုမီ ပြစ်ဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ခြင်း မပြုရ။

သို့ရာတွင် တန်းပြည့်စစ်မှုထမ်းချိန်၌ စစ်တရားရုံးက တစ်ဦးတစ်ယောက်သောသူအား ချမှတ်သည့် သေဒဏ်ကို အတည်ပြုသည့် အာဏာပိုင်က စစ်စည်းကမ်း၏ အကျိုးအတွက်နှင့် ထိုသူပါရှိသည့် တပ်ဖွဲ့၏ လုံခြုံမှုရရှိရေးအတွက် ထိုသေဒဏ်ချမှတ်ချက်ကို ချက်ချင်းဆောင်ရွက်သင့်ကြောင်း သက်သေခံလက်မှတ်ပေးသောအခါ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များသည် ထိုသေဒဏ်ချမှတ်ချက်နှင့် မသက်ဆိုင်စေရ။"

၄၁။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၂၆ နှင့် ၂၂၇ တို့တွင် ပါရှိသော -

"(က) "စစ်ဥပဒေချုပ်" ဆိုသည့် စကားရပ်ကို "စစ်ဥပဒေချုပ်ရုံး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ခ) "အတွင်းဝန်" ဆိုသည့်စကားရပ်ကို "ဌာနမှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) "တပ်မတော်မှတ်တမ်းရုံး၏ တပ်မှူး" ဆိုသည့် စကားရပ်ကို "တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း

အသီးသီးအစားထိုးရမည်။"

၄၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၃၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၃၂။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ ထုတ်ပြန်နိုင်ပြီး ဤနည်းပညာဥပဒေအရ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ